ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာမှ ဗြိတိသျှဝန်ကြီးချုပ်ထံသို့ ပေးပို့ထားသည့် ပန်ကြားစာ။

**The Rt. Hon Boris Johnson MP**
**Prime Minister**
**No.10 Downing Street**
**Westminster**
**London, SW1A2AA**
**United Kingdom**

**၂၀၂၁ခုနှစ်၊ ဇွန်လ(၇)ရက်နေ့။**

## G7 နိုင်ငံများ၏ အစည်းအဝေးအစီအစဉ်၌ မြန်မာနိုင်ငံ၏ ပိုမိုဆိုးရွားလာနေသော အရေးအခင်းအကြောင်း ထည့်သွင်းဆွေးနွေးပေးရန် အထူးပန်ကြားချက်။

**လေးစားအပ်ပါသော ဝန်ကြီးချုပ် ခင်ဗျာ။**

လာမည့်ကာလတွင် ကျင်းပမည့် G7 အစည်းအဝေး၌ ကမ္ဘာ့ခေါင်းဆောင်များတွေ့ဆုံကြရာတွင် G7 နိုင်ငံများ၏ အစည်းအဝေးအစီအစဉ်၌ မြန်မာနိုင်ငံ၏ ပိုမိုဆိုးရွားလာနေသည့် အရေးအခင်းအကြောင်း ထည့်သွင်းဆွေးနွေး ပေးပါရန်အတွက် ရဲရင့်သော မြန်မာပြည်သူလူထု (၅၄) သန်းနှင့် မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေး အစိုးရအဖွဲ့၏ ကိုယ်စား ကျွန်ုပ်အနေဖြင့် ပန်ကြားလိုက်ရပါသည်။

ယူနိုက်တက်ကင်းဒမ်းနိုင်ငံမှ ပြည်သူများ၊ လွှတ်တော်နှင့် အစိုးရသည် မြန်မာပြည်သူပြည်သားများဘက်မှ သစ္စာရှိစွာ ရပ်တည်ပေးပြီး မြန်မာပြည်သူလူထုကိုယ်စား ခိုင်ခိုင်မာမာ ထုတ်ဖော်ပြောဆိုပေးသည့်အတွက် ကျေးဇူးအထူးတင်ရှိကြောင်း ဦးစွာပထမ ပြောကြားလိုပါသည်။ ယူကေနိုင်ငံက တပ်မတော်၏ အဓိကပုဂ္ဂိုလ်များနှင့် MGE, MEC နှင့် MEHL ကဲ့သို့သော တပ်မတော်ပိုင် ကုမ္ပဏီများ အပေါ် ပစ်မှတ်ထား ပိတ်ဆို့အရေးယူမှုများ၊ မြန်မာနိုင်ငံ လူသားချင်းစာနာ ထောက်ထားမှု အကူအညီ အတွက် စတာလင်ပေါင် (၂၈) သန်းအား ရက်ရောစွာဖြင့် ထောက်ပံ့ပေးသည့်အပြင် IIMM အတွက် ထပ်ဆောင်းထောက်ပံ့ ပေးအပ်မှုတို့အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ကျွန်ုပ်အနေဖြင့် ပြောလိုပါသည်။ ယူကေနိုင်ငံ အစိုးရအနေဖြင့် မြန်မာပြည်သူပြည်သားများ ကိုယ်စား ကုလသမဂ္ဂနှင့် G7 အစည်းအဝေးများတွင် ဦးဆောင်မှုပေးခဲ့ခြင်း၊ CRPH နှင့် NUG တို့အား ကျွန်ုပ်တို့နိုင်ငံမှ ပြည်သူအများကို ကိုယ်စားပြုသူများအဖြစ် အသိအမှတ်ပြုခြင်းတို့အတွက် ကျေးဇူးတင်ပါရှိကြောင်း ထပ်မံပြောကြားလိုပါသည်။ အမှန်တကယ်ပင် ကျွန်ုပ်တို့သည် ရက်စက်ကြမ်းကြုတ်လှသော

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာမှ ဗြိတိသျှဝန်ကြီးချုပ်ထံသို့ ပေးပို့ထားသည့် ပန်ကြားစာ။

စစ်အာဏာရှင်ကို ညီညီညွတ်ညွတ် အတူတကွ တွန်းလှန် နေကြသည့် ၅၄ သန်းကျော် မြန်မာပြည်သူပြည်သားများအား ကိုယ်စားပြုသူများ ဖြစ်ကြပါသည်။ စစ်အာဏာရှင်က ဥပဒေကင်းမဲ့စွာ ရာထူးမှ ဖယ်ရှားခဲ့သည့် ယူကေရှိ မြန်မာသံအမတ်ကြီး H.E ဦးကျော်စွာမင်းအား အကာအကွယ် အထောက်အပံ့များ ပေးအပ်သည့်အတွက်လည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်အနေဖြင့် ဝန်ကြီး H.E Nigel Adams နှင့် မြန်မာနိုင်ငံဆိုင်ရာ ယူကေသံအမတ်ကြီး H.E Dan Chugg တို့နှင့် တွေ့ဆုံခွင့် ရရှိခဲ့ပါသည်။ ယူကေအစိုးရနှင့် ပြည်သူများသည် စစ်အာဏာရှင်စနစ်ကို တွန်းလှန်၍ လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီအရေးအတွက် ငြိမ်းချမ်းစွာ လှုပ်ရှား လုပ်ဆောင်နေကြသည့် ရဲရင့်သော မြန်မာပြည်သူများအား ထောက်ခံကြောင်းနှင့် အမြဲအားပေးလျက်ရှိကြောင်း ဗြိတိသျှ လွှတ်တော် ကိုယ်စားလှယ်များမှနေ၍ ကျွန်ုပ်အား ထပ်လောင်း ပြောဆိုခဲ့ကြပါသည်။ ကျွန်ုပ်အနေဖြင့် ဗြိတိသျှပါလီမန်၊ နိုင်ငံခြားရေးရာကော်မတီ၏ မြန်မာနိုင်ငံ စစ်အာဏာသိမ်းမှု အရေးအခင်းဆိုင်ရာ ကြားနာပွဲသို့ တက်ရောက်ပြောဆိုခွင့်ရခဲ့သည့်အတွက်လည်း ကျေးဇူးအထူးတင်ရှိပါသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ စစ်အာဏာသိမ်း ခေါင်းဆောင် မင်းအောင်လှိုင်နှင့် သူ၏ လက်နက်ကိုင်များသည် စစ်အာဏာသိမ်းခဲ့ချိန်မှစ၍ အနည်းဆုံးကလေးသူငယ် (၇၂) ဦး အပါအဝင် အရပ်သားပြည်သူ (၉၀၀) နီးပါးသည် စစ်ကောင်စီ၏ သတ်ဖြတ်ခြင်းခံခဲ့ရပြီး ကျွန်ုပ်တို့၏ ခေါင်းဆောင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့် အပါအဝင် အရပ်သားပြည်သူ (၆၀၀၀) နီးပါး ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရကာ လူပေါင်း (၁၉၀၀) ကျော်တို့သည် ဝရမ်းထုတ်ခံထားရသဖြင့် ထွက်ပြေးတိမ်းရှောင်နေရသည်။ စစ်ဗိုလ်ချုပ်များသည် ၎င်းတို့ကိုယ်တိုင် မြန်မာပြည်သူများအပေါ် နိုင်ငံတော် သစ္စာဖောက်ဖျက် ပုန်ကန်မှု ကျူးလွန်နေလင့်ကစား ကျွန်ုပ်အား နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားစွဲ ဆိုခဲ့သည်။ စစ်အာဏာရှင်၏ လက်နက်ကိုင်များက မြန်မာနိုင်ငံ အနှံ့ မြို့ကြီးမြို့ငယ်များနှင့် ကျေးရွာများတွင် မြန်မာလူထုအပေါ် ဆိုးရွားလှသော ရက်စက် ကြမ်းကြုတ် အကြမ်းဖက်မှုများ ကျူးလွန်နေချိန်တွင် စစ်အာဏာ သိမ်းခေါင်းဆောင်များသည် ASEAN နှင့် ဆက်ဆံမှုများကို ဝါဒဖြန့်ရာတွင် ဆက်လက်အသုံးချနေကြသည်။ စစ်ကောင်စီ၏ လက်နက်ကိုင် တပ်များသည် အပြစ်မဲ့ အရပ်သား ပြည်သူများအား ညှဥ်းပန်းနှိပ်စက်ခြင်း၊ သွေးအေးအေးဖြင့် သတ်ဖြတ်ခြင်းများကို ဆက်လက်ကျူးလွန် နေကြသည်။ အမှန်တရားကို ဖုံးကွယ်ရန် အတွက် လွတ်လပ်သည့် သတင်းမီဒီယာများကို ဖျက်သိမ်းခဲ့သည်။ စစ်အာဏာရှင်လက်အောက်တွင် သတင်းသမားများအား နှောင့်ယှက်ခြင်း၊ ထောင်ဒဏ်ချမှတ်ခြင်းများ ဆက်လက်ဖြစ်ပေါ်နေသည်။

ကျွန်ုပ်တို့မြင်တွေ့နေသည့် စစ်ကောင်စီ၏ အကြမ်းဖက်မှုသည် အစီအစဉ်တကျလုပ်ဆောင်နေခြင်း ဖြစ်သလို ကျယ်ကျယ်ပြန့်ပြန့်လည်း ဖြစ်ပေါ်နေပါသည်။ လက်နက်မဲ့ပြည်သူများအား စစ်မြေပြင်သုံး လက်နက်ကြီး များဖြင့် တိုက်ခိုက်နေခြင်းသည် လူသားမျိုးနွယ်စုအပေါ် ရာဇဝတ်မှု ကျူးလွန်နေခြင်း ဖြစ်ကြောင်း ထင်ရှားလှပါသည်။ သူတို့သည် နိုင်ငံကြီးများထံမှ ဤစစ်လက်နက်များ ဝယ်ယူရန် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ၏ ဓနဥစ္စာများကို ခိုးယူသုံးစွဲလျက်ရှိသည်။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် ကျဆုံးသော နိုင်ငံအဖြစ်သို့ လျှင်မြန်စွာရောက်ရှိလာပြီ ဖြစ်သည်။ လက်ရှိတွင် ပြည်သူများ ထောင်သောင်းချီ၍ အိုးအိမ်မဲ့ ဖြစ်သွားခြင်း၊ စားနပ်ရိက္ခာမလုံလောက်မှု တဟုန်ထိုး မြင့်တက်လာခြင်းနှင့် UNDP ၏ ခန့်မှန်းချက်အရ မြန်မာနိုင်ငံလူဦးရေ ၅၄ သန်း၏ ထက်ဝက်

(ခန့်မှန်းခြေ ၂၇ သန်း) ခန့်သည် တစ်နှစ်အတွင်း ဆင်းရဲနွမ်းပါးမှုနှင့် ကြုံတွေ့ရနိုင်ကြောင်း ထောက်ပြထားသည်။ မြန်မာနိုင်ငံတွင် လူ ၆.၄ သန်းခန့်သည် လာမည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလခန့်တွင် အစားအစာပြတ်လပ်မှုနှင့် ကြုံတွေ့ရနိုင်ဟု WFP ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်က ခန့်မှန်းထားသည်။ ပိုမိုဆိုးရွားလာနေသည့် စစ်အကြမ်းဖက်မှုများကြောင့် သာမက စတင်ဖြစ်ပေါ်လာနေသော ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ကြောင့် သေဆုံးမှုများကို ရေတွက်ရန်မှာ အလွန်ပင် ဝမ်းနည်း ကြေကွဲဖွယ် ကောင်းလှပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံသားများဖြစ်သည့် ကျွန်ုပ်တို့သည် မိမိတို့ တတ်စွမ်းသ၍ ဤအဖြစ်ဆိုးကြီးမှ ကာကွယ်ရန် ကြိုးပန်းနေကြရာတွင် အကြမ်းဖက်မှု၊ လူမျိုးတုံး သတ်ဖြတ်မှု၊ ရာဇဝတ်မှုမြောက်သော ရက်စက်ကြမ်းကြုတ်မှုများ၊ ဆင်းရဲနွမ်းပါးမှုနှင့် အငတ်ဘေးဒုက္ခများမှ မြန်မာ ပြည်သူများ လွတ်မြောက်စေရန် ဖြစ်ပါသည်။ အာဏာသိမ်းစစ်တပ်က သတ်ဖြတ်ခြင်း၊ ဖျက်ဆီးခြင်းများဖြင့် ကျွန်ုပ်တို့အား အပြင်းထန်ဆုံး ထိခိုက်နာကျင်စေရန်၊ ကြီးစွာသော ဒုက္ခဆင်းရဲ ခံစားရစေရန် လုပ်ဆောင် နေခြင်းကို ကျွန်ုပ်တို့၏ ရဲရင့်လှသော ပြည်သူများက ငြိမ်းချမ်းစွာ ဆန့်ကျင်နေကြခြင်း ဖြစ်သည်။ မြန်မာ ပြည်သူလူထုသည် အကြမ်းဖက် စစ်ကောင်စီကို ဆန့်ကျင်လျက် အကြမ်းမဖက် အာဏာဖီဆန်ရေး လှုပ်ရှားမှုများ (CDM)၊ သပိတ်မှောက်ခြင်းများနှင့် အခြားလူထုအခြေပြု အာဏာဖီဆန်ရေး လုပ်ဆောင်မှု များတွင် ပါဝင်ခြင်းအားဖြင့် စစ်ကောင်စီအပေါ် ပြင်းထန်သော ပြည်တွင်း အရေးယူပိတ်ဆို့မှုများကို စတင်ခဲ့ ကြသည်။ ကျွန်ုပ်တို့သည် စစ်ကောင်စီ၏ ထုတ်ကုန်များကို သပိတ်မှောက်ခြင်း၊ ပြည်သူ့ ဝန်ထမ်းအများစု ကလည်း စစ်ကောင်စီ၏ လုပ်ငန်းများကို ပံ့ပိုးရန် ငြင်းဆန်ခြင်းအားဖြင့် သပိတ်မှောက်ကြပါသည်။ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းများက ယခုအချိန်ထိ လုပ်ဆောင်နေသော စစ်ကောင်စီအပေါ် အရေးယူ ပိတ်ဆို့မှုများသည် ကျွန်ုပ်တို့၏ ပြည်တွင်း အားထုတ်မှုများ စတင်ရန်အတွက် အထောက်အကူပြုပါသည်။ စစ်ကောင်စီနှင့် ၎င်းတို့၏ တပ်ဖွဲ့များသည် ရက်စက်ကြမ်းကြုတ်စွာ ဆက်လက်ဖိနှိပ်နေသော်လည်း စစ်ကောင်စီအား ဆန့်ကျင်မှုများသည် မြန်မာပြည်သူလူထုများ အကြားတွင် တညီတညွတ်တည်း ဆက်လက် အားကောင်းနေဆဲ ဖြစ်သည်။ တခြားတစ်ဖက်တွင်လည်း G7 အဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘာ့ ခေါင်းဆောင်ကြီးများ ၏ အကူအညီများသည် မရှိမဖြစ် အရေးကြီးလှပါသည်။

ကျွန်ုပ်အနေဖြင့် G7 ကမ္ဘာ့ခေါင်းဆောင်များနှင့် နိုင်ငံများအား အရေးကြီးသော အဓိက အချက် သုံးချက်ကို တောင်းဆိုလိုပါသည်။

(၁) အမျိုးသားညီညွတ်ရေး အစိုးရအား မြန်မာပြည်သူလူထုကို ကိုယ်စားပြုသည့် တစ်ခုတည်း သော တရားဝင်ကိုယ်စားလှယ်အဖြစ် သတ်မှတ်ပေးပါ။ အမျိုးသားညီညွတ်ရေးအစိုးရကို ဒီမိုကရေစီ နည်းကျ ကျင်းပခဲ့သော ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ရွေးကောက်ပွဲတွင် မြန်မာပြည်သူလူထုက ရွေးကောက်တင်မြှောက် ထားသည့် အရပ်သားခေါင်းဆောင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ တိုင်းရင်းသား ခေါင်းဆောင် များဖြင့် ဖွဲ့စည်းထားပါသည်။ ကျွန်ုပ်တို့အား မြန်မာ ပြည်သူလူထုက တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြု သကဲ့သို့ G7 ကမ္ဘာ့ခေါင်းဆောင်များနှင့် နိုင်ငံများအနေဖြင့်လည်း ကျွန်ုပ်တို့အား တရားဝင် အစိုးရအဖြစ် အသိအမှတ်ပြုပြီး အတူတကွ လက်တွဲ လုပ်ဆောင်ရန် မျှော်လင့်ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဆာဆာမှ ဗြိတိသျှဝန်ကြီးချုပ်ထံသို့ ပေးပို့ထားသည့် ပန်ကြားစာ။

(၂) ကြီးထွားလာနေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းကို ဖြေရှင်းရာတွင် ကျွန်ုပ်တို့အား ကူညီပါ။ ကျွန်ုပ်တို့သည် ကူညီထောက်ပံ့မှု လိုအပ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရသည် အကူအညီ လိုအပ်သည့်နေရာများနှင့် ယင်းနေရာများကို မည်သို့ ပို့ဆောင်နိုင်ကြောင်း သိရှိပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြပ်အတည်းများ ကြီးထွားလာခြင်းသည် စစ်ကောင်စီ၏ လူမဆန်သော အကြမ်းဖက်လုပ်ရပ်များနှင့် COVID-19 ရောဂါပျံ့နှံ့မှုတို့ကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် ကျရှုံးနေပြီဖြစ်ပြီး ပြည်သူ သန်းပေါင်းများစွာသည် သောက်သုံးရေနှင့် အစားအစာ၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ခိုလှုံရန် နေရာများနှင့် ဆေးဝါးများ ပြတ်လပ်လျက်ရှိခြင်း သို့မဟုတ် မကြာမီ ပြတ်လပ်နိုင်ခြင်းနှင့် ရင်ဆိုင်နေရပါသည်။ ကျွန်ုပ်တို့သည် ၁( စားနပ်ရိက္ခာဖူလုံရေး၊ ၂( ကျန်းမာရေး၊ ၃( ခိုလှုံရန်နေရာ နှင့် ၄( ပညာရေး ကဏ္ဍများတွင် အကူအညီများ အသည်းအသန် လိုအပ်လျက်ရှိပါသည်။

(၃) စစ်ကောင်စီအပေါ် ငွေကြေးနှင့် သံတမန်နည်းလမ်းများအရ ပိုမိုဖိအားပေးခြင်းဖြင့် ကူညီပါ။ ကမ္ဘာ့နိုင်ငံများအနေဖြင့် ကျွန်ုပ်တို့နှင့်အတူ ရပ်တည်လျက် အတူတကွ အရေးယူ ပိတ်ဆို့ ဒဏ်ခတ်မှုများ ပူးပေါင်းလုပ်ဆောင်ပါက လူသတ်စစ်ကောင်စီလက်ထဲသို့ ငွေစီးဆင်းမှုများ ပြတ်တောက်နိုင်မည် ဖြစ်ပြီး G7 အဖွဲ့ဝင်နိုင်ငံများနှင့် မဟာမိတ်နိုင်ငံများ အနေဖြင့် ၎င်းတို့၏ ထိန်းချုပ်မှုအောက်တွင် ရှိသော အဖွဲ့အစည်းများထံမှတစ်ဆင့် စစ်ကောင်စီအဖွဲ့၊ ၎င်း၏ စီးပွားရေး မိတ်ဖက်များ၊ စစ်ခေါင်းဆောင်များနှင့် သူတို့၏မိသားစုဝင်များထံသို့ ငွေကြေး လွှဲပြောင်းမှုများ လုံးဝမပြုလုပ်ရေးသည် အရေးကြီးလှပါသည်။ အကြမ်းဖက်စစ်ကောင်စီ၏ အကြီးမားဆုံး ဝင်ငွေ အရင်းအမြစ်ဖြစ်သော ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကဏ္ဍကို နိုင်ငံတကာအသိုင်းအဝိုင်းက ဒဏ်ခတ် အရေးယူမှု မရှိသေးပါ။ ထို့ကြောင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများအားလုံး၊ နိုင်ငံတကာမှ စစ်လက်နက် ရောင်းချခြင်း တို့ကို အရေးယူ ပိတ်ဆို့ခြင်းများ အပါအဝင် နည်းပညာပံ့ပိုးမှုကို ပိတ်ဆို့ခြင်းနှင့် မြန်မာနိုင်ငံပေါ်တွင် လေယာဉ်ပျံသန်းခွင့် မရှိသော နေရာအဖြစ် မည်သည့်နည်းလမ်းဖြင့်မဆို သတ်မှတ်ပေးရန် တောင်းဆို အပ်ပါသည်။ ဤလုပ်ရပ် များသည် မြန်မာနိုင်ငံအတွင်း သွေးချောင်းစီးခြင်းများနှင့် လူမျိုးတုံး သတ်ဖြတ်မှု ထပ်မံဖြစ်ပွားမှုကို တားဆီး နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သော ခြေလှမ်းများဖြစ်သည်။

ကျွန်ုပ်တို့ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် အထက်ဖော်ပြပါ ပူးပေါင်းအားထုတ်မှုများအပေါ် ကူညီပေးရန် ဆန္ဒရှိပါသည်၊ အသင့်ရှိပါသည်၊ လုပ်လည်းလုပ်ဆောင်နိုင်ပါသည်။ ပြည်သူလူထု၏ တခဲနက် အပြည့်အဝ ထောက်ခံမှုဖြင့် အမျိုးသားညီညွတ်ရေးအစိုးရတစ်ရပ် ပေါ်ပေါက်လာခြင်းသည် မြန်မာ့သမိုင်းတွင် ပထမဆုံးအကြိမ် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ဒီမိုကရေစီအပေါ် အယုံအကြည်ရှိသော G7 နိုင်ငံများ၏ အစိုးရများနှင့် ကမ္ဘာတဝှမ်းမှ လွတ်လပ်သော နိုင်ငံများ၊ ခေါင်းဆောင်များ၏ ထောက်ခံမှု၊ အသိအမှတ်ပြုမှု၊ ထိတွေ့ဆက်ဆံမှုများကို လိုအပ်ပါသည်။ ဤကာလသည် မြန်မာနိုင်ငံအတွက် ရာစုနှစ် တစ်ခုအတွင်း အကြီးမားဆုံးသော အခွင့်အရေးကြီး ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအခွင့်အရေးကို အမိအရ ဆုတ်ကိုင်ကာ စစ်အစိုးရ၏ အကြမ်းဖက်အုပ်စိုးမှုကို အဆုံးသတ်ပြီး လူမျိုး၊ လိင်(ကျား၊မ)၊ ယဉ်ကျေးမှု၊ လူမျိုးစု၊ နောက်ခံအကြောင်းအရာနှင့် ကိုးကွယ်သည့်ဘာသာ မရွေး လူတိုင်း၏ အခွင့်အရေးကို သာတူညီမျှ လေးစား ကာကွယ် မြှင့်တင်သော၊ အားလုံးပါဝင်သော၊ မြန်မာပြည်သူများက မြန်မာပြည်သူများ

အတွက်ဖြစ်သော ဖက်ဒရယ် ဒီမိုကရက်တစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကို တည်ဆောက်ကြမည် ဖြစ်သည်။

တရားမဝင် စစ်အစိုးရကို ဆန့်ကျင်ကြသော ကျွန်ုပ်တို့၏ မြန်မာနိုင်ငံအား ဤအကြမ်းဖက် အာဏာရှင်များ လက်မှ လွတ်မြောက်ရန် ကြိုးပန်းအားထုတ်မှုများသည် မုချအောင်မြင်ပါမည်။ ဤတိုက်ပွဲ၏ အဆုံးတစ်ဖက် တွင်လည်း ဒီမိုကရေစီကို ဖော်ဆောင်မည့်၊ လူ့အခွင့်အရေးကို လေးစားပြီး ကမ္ဘာ့အသိုင်းအဝိုင်းတွင် တာဝန်ယူမှုရှိသည့် မိတ်ဖက်နိုင်ငံတစ်ခုအဖြစ် မြန်မာနိုင်ငံ ပေါ်ထွက်လာပါမည်။ ကမ္ဘာ့ခေါင်းဆောင်များနှင့် G7 နိုင်ငံများ၏ အကူအညီဖြင့် ကျွန်ုပ်တို့၏ မျှော်မှန်းချက်နှင့် အိပ်မက်များသည် အမှန်တကယ် အကောင်အထည်ပေါ်လာမည် ဖြစ်ပါသည်။ ယင်းအကူအညီများကို ကျွန်ုပ်တို့၏ ခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှု သာဓကအဖြစ် တန်ဖိုးထားနေမည်ဖြစ်ပြီး နောင်လာမည့် မျိုးဆက်ပေါင်းများစွာအထိ အစွန့်ရှည် တည်တန့်နေမည် ဖြစ်ပါသည်။

**လေးစားစွာဖြင့်**



H.E Dr. Sasa
The Union Minister of Ministry of International Cooperation and Spokesperson
The National Unity Government of Myanmar
Former Myanmar’s Special Envoy to the United Nations